မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
September 10, 2025 — Volume 94, Number 8

**၁၀ ၉.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၀.၈၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၅၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၉.၂၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၇.၆၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၈.၇၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၂၅ ကျပ် |

## ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး သိန်း(၈၀)နီးပါးရောက်ရှိ



စက်တင်ဘာလဆန်းပိုင်းမှစတင်ပြီး ကမ္ဘာ့ရွှေဈေးသည် တရိပ်ရိပ်မြင့်တက်လာပြီး ပြည်တွင်းရွှေဈေးသည်လည်း သိန်း (၈၀) နီးပါးအထိ ရောက်ရှိလာကြောင်း ပြင်ပရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာလ (၁) ရက်တွင် တစ်အောင်စလျှင် ဒေါ်လာ (၃၄၀၀) ကျော်ရှိပြီး ရွှေတစ်ကျပ်သား (၇,၇၅၀,၀၀၀) ရှိရာမှ တစ်အောင်စ (၃,၆၅၂) ဒေါ်လာနှင့် ရွှေတစ်ကျပ်သား (၇,၉၆၀,၀၀၀) ကျပ်အထိမြင့်တက်လာကြောင်း သိရသည်။

သို့သော် ကမ္ဘာ့ရွှေဈေးစံချိန်မြင့်တက်သော်လည်း ပြည်တွင်းရွှေဈေးသည် အတိုင်းအဆမရှိ မြင့်တက်လာခြင်းမရှိဘဲ ဝယ်လိုအားကျဆင်းနေခြင်းကြောင့် ဈေးငြိမ်နေခြင်းဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ယခုမိုးရာသီကာလတွင် ပုံမှန်အားဖြင့် ရွှေဈေးကွက်သည် အရောင်းအဝယ်အေးကြောင်း သိရသည်။

**Source: Popular News Journal**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကဏန်းပျော့ပိဿာ ၇၀,၀၀၀ ကျော် တင်ပို့ရောင်းချနိုင်



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လ တစ်လတာကာလအတွင်း ကဏန်းပျော့ပိဿာ ၇၀,၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ ပြောဆိုချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လအတွင်း ကဏန်းပျော့ပိဿာ ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ကဏန်းပျော့ပိဿာ ၇၄,၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်သွက်လာတာပါ။ တင်ပို့ကုန်များလာတော့ ရေလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဒ့ါပြင် ကုန်ပစ္စည်းတင်ပို့တဲ့လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့သူတွေလည်း အဆင်ပြေလာပါတယ်။ လက်ရှိရန်ကုန်ဘက်ကနေတစ်ဆင့် ကဏန်းပျော့တွေကို ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ"ဟု ဒေါ်စုခိုင်ကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကဏန်းပျော့များ တင်ပို့အားတက်နေခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/75020

## ကုလားပဲမျိုးစုံ အရောင်းအဝယ်အေးနေ

မန္တလေးကုန်စည်ဒိုင်တွင် စက်တင်ဘာလဒုတိယပတ်၌ ကုလားပဲမျိုးစုံအကျဈေးဖြင့်ဈေးငြိမ်ပြီး အရောင်းအဝယ်အေးနေကြောင်း သိရသည်။

ကုလားပဲ(V2) ၅၇ ဒသမ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၅၄,၀၀၀ မှ ၂၅၅,၀၀၀၊ ယခင်တစ်ပတ် ၂၆၀,၀၀၀ ကျပ် ၊ ယခင်လ ၂၅၀,၀၀၀ ကျပ်ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀ မှ ၆၀၀၀ခန့် ဈေးနိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၄၀၀၀မှ ၆၀၀၀ ဈေးမြင့်တက်လာသည်။

ကုလားပဲ(V7) ၅၇.၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၄၃,၀၀၀မှ ၂၄၄,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၄၅,၀၀၀ မှ ၂၄၈,၀၀၀၊ ယခင်လ ၂၅၀,၀၀၀ ကျပ်ဖြစ်သည်။ ယခင် တစ်ပတ်ထက်ကျပ် ၂၀၀၀မှ ၄၀၀၀၊ ယခင်လထက် ကျပ် ၆၀၀၀ မှ ၇၀၀၀ ခန့်ဈေးနိမ့်ကျလာသည်။

ကုလားပဲ(ထိုင်ဝမ်) ၅၆ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၃၆,၀၀၀ မှ ၂၃၈,၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၃၈,၀၀၀ မှ ၂၄၀,၀၀၀၊ ယခင်လ ကျပ် ၂၃၅,၀၀၀ မှ ၂၃၈,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ၂၀၀၀ကျပ် နိမ့်ကျလာပြီး ၊ ယခင်လအတိုင်းဈေးငြိမ်နေပါသည်။

ကုလားပဲ(၉၂၉) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၄၃,၀၀၀ မှ ၂၄၄,၀၀၀၊ ယခင်

တစ်ပတ်ကျပ် ၂၄၅,၀၀၀မှ ၂၄၇,၀၀၀၊ ယခင်လကျပ် ၂၄၆,၀၀၀ဖြစ်သည်။ ယခင်တစ်ပတ်နှင့် ယခင်လထက် ကျပ် ၂၀၀၀ မှ ၃၀၀၀ ခန့် ဈေးနိမ့်ကျလာသည်။

**Source: myantrade.gov.mm**

## ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၀,၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အတည်ပြုပေးနိုင်ခဲ့

ယခုဘဏ္ဍာနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရှစ်လတာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၀,၀၀၀ ကျော် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု ပေးနိုင်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ယင်းကာလအတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတို့တွင် ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အတည်ပြုပေးခဲ့သည့်လုပ်ငန်းများတွင် ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ မိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ အသင့်ဖျော်စပ်ပြီးသော ကွန်ကရစ်များ ရောင်းချဝန်ဆောင်မှုပေးခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Wearing apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ ပြည်ပသို့ ၂၀ ရာခိုင်နှုန်းတင်ပို့ပြီး ပြည်တွင်း၌ ၈၀ ရာခိုင်နှုန်း ရောင်းချသည့် သစ်အခြေခံသော သစ်သားပြားအမျိုးမျိုးနှင့် ပရိဘောဂအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်း၊ ပဲအမျိုးမျိုးကြိတ်ခွဲသန့်စင်ထုတ်လုပ်ပြီး ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်းတင်ပို့သည့်လုပ်ငန်း၊ ပြည်ပသို့ ၉၂ ရာခိုင်နှုန်း တင်ပို့ပြီး ပြည်တွင်း၌ ၈ ရာခိုင်နှုန်း ရောင်းချမည့် ဆန်ဖြူ၊ ဆန်ကွဲသန့်စင်ခြင်း၊ အရောင်တင်ခြင်းနှင့် တင်ပို့ ရောင်းချခြင်း လုပ်ငန်း၊ ဆန်ကြိတ်ခွဲဖွပ်ချောသန့်စင်ထုတ်လုပ်ပြီး ပြည်ပသို့ ၁၀၀ ရာခိုင်နှုန်း တင်ပို့ရောင်းချခြင်းလုပ်ငန်းတို့ ပါဝင်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကြောင့် ဇန်နဝါရီလတွင် ၁၀၁၆ ဦး၊ ဖေဖော်ဝါရီလတွင် ၁၉၂၀ ဦး၊ မတ်လတွင် ၂၈၀၂ ဦး၊ ဧပြီလတွင် ၁၀၀၅ ဦး၊ မေလတွင် ၁၂၂၀ ဦး၊ ဇွန်လတွင် ၆၇၇၃ ဦး၊ ဇူလိုင်လတွင် ၆၉၆ ဦး၊ ဩဂုတ်လတွင် ၅၀၀၂ ဦး စုစုပေါင်း ၂၀,၄၃၄ ဦးတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm

## ဘန်ကောက်ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ




၇၂ ကြိမ်မြောက် ဘန်ကောက်ကျောက်မျက်ရတနာပြပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၉ ရက်၊ နေ့လယ်ပိုင်းက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ Queen Sirikit National Convention Center (QSNCC) မှာ ကျင်းပပြုလုပ်ပါတယ်။

ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နဲ့ ကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေ တက်ရောက်ပါတယ်။ အဲဒီနောက် နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာန (DITP) ရဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဖဲကြိုးဖြတ်ကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပါတယ်။

ပြပွဲကို နိုင်ငံတကာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (DITP) နဲ့ The Gem and Jewelry Institute of Thailand (GIT) တို့ ပူးပေါင်းစီစဉ်တာဖြစ်ပြီး စက်တင်ဘာ ၉ ရက် ကနေ ၁၃ ရက်အထိ ၅ ရက်တိုင်တိုင် ကျင်းပပြုလုပ်မှာဖြစ်တယ်လို့ သိရပါတယ်။ ပြပွဲမှာ ကုမ္ပဏီပေါင်း ၁၁၀၀ ကျော်က ပြခန်း ၂၆၀၀ ကျော်နဲ့ ပါဝင်ပြသထားတာဖြစ်ပြီး ကျောက်မျက်၊ ရွှေ၊ ငွေ၊ စိန်၊ ပုလဲ လက်ဝတ်ရတနာတွေ ဖက်ရှင်လက်ဝတ်ရတနာတွေ အပါအဝင် လက်ဝတ်ရတနာနဲ့ပတ်သက်တဲ့ပစ္စည်းတွေ ပါဝင်ပြသထားတာ ဖြစ်ပါတယ်။ အဲဒီ ကျောက်မျက်ရတနာပြပွဲကိုတော့ မြန်မာနိုင်ငံက ကျောက်မျက်ရတနာ ပြခန်း ၄ ခန်း ပါဝင်ပြသသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com

## တရုတ်သည် ၁၆ နှစ်ဆက်တိုက် အာဆီယံ၏ အကြီးဆုံးကုန်သွယ်ဘက်အဖြစ်တည်ရှိနေ


China ASEAN Photo:VCG

တရုတ်နိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံအဖြစ် တည်ရှိလာရာ စက်တင်ဘာ ၈ ရက်တွင် ၁၆ နှစ်ရှိပြီဖြစ်ကြောင်း ကုန်သွယ်ရေး အရာရှိတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

ယခုနှစ် ပထမ ခုနစ်လအတွင်း တရုတ်နှင့်အာဆီယံအကြား ကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၅၉၇ ဘီလီယံ ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးလာပြီး အလားတူကာလအတွက် တရုတ်နိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှု၏ ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဒုဝန်ကြီး Yan Dong က ပြောသည်။

ဇူလိုင်လကုန်အထိ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန် ဒေါ်လာဘီလီယံ ၄၅၀ ကျော်သွားပြီဟု Yan က ပြောသည်။

တစ်ချိန်တည်းတွင် တရုတ်ကုမ္ပဏီများသည် အာဆီယံနိုင်ငံများတွင် အခြေခံအဆောက်အအုံဆိုင်ရာ ပရောဂျက်များကို စာချုပ်ချုပ်ဆိုရာတွင် တက်ကြွစွာလုပ်ဆောင်နေပြီး ဇူလိုင်လကုန်တွင် စုဆောင်းငွေ ဒေါ်လာ ၄၈၀ ဘီလီယံအထိ ရှိလာခဲ့ကြောင်း ၂၂ ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ သတင်းစာရှင်းလင်းပွဲတွင် Yan ကပြောကြားခဲ့ပါသည်။

စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် နန်နင်းတွင် စီစဉ်ထားသော ကုန်စည်ပြပွဲကို ကျင်းပမည်ဖြစ်သည်။

ယခုနှစ်ကုန်စည်ပြပွဲတွင် စတုရန်းမီတာ ၁၆၀,၀၀၀ နီးပါးကျယ်ဝန်းကာ ပြပွဲတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ လုပ်ငန်းပေါင်း ၃,၂၀၀ ခန့် ပါဝင်ကြောင်း အတည်ပြုထားပြီးဖြစ်သည်။

အပြန်အလှန်အကျိုးရှိသော အပြာရောင်စီးပွားရေးနှင့် ပရီမီယံနိုင်ငံခြားကုန်သွယ်မှုထုတ်ကုန်များအတွက် ရည်ရွယ်ထားသော ကဏ္ဍသစ်များနှင့်အတူ ယခုနှစ် ကုန်စည်ပြပွဲတွင် ဉာဏ်ရည်တုနှင့် အရည်အသွေးအသစ်များကို ပြသသည့် Pavilions များကို အသစ်တည်ဆောက်မည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အာဆီယံနှင့်ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပြီး အပူပိုင်းဒေသ သစ်သီးဝလံများ၊ ကော်ဖီ၊ ရော်ဘာနှင့်စားအုန်းဆီကဲ့သို့သော အာဆီယံထုတ်ကုန်များ တင်သွင်းမှုကို တိုးမြှင့်ကာ အာဆီယံ

နိုင်ငံများနှင့် နယ်စပ်ဖြတ်ကျော် e-commerce မိတ်ဖက်ဆက်ဆံရေးကို အားကောင်းစေမည်ဖြစ်ကြောင်း Yan မှ ပြောကြားခဲ့သည်။

**Source: ရှင်းဟွာ**

**Popular News Journal**

## ဒူဘိုင်းကုန်သည်ကြီးများအသင်းမှ ကုန်သည်စက်မှုလုပ်ငန်းအသင်းများအတွက် ကမ္ဘာလုံးဆိုင်ရာ စံညွှန်းတိုင်းတာရေးကိရိယာကို အစပျိုးစတင်ဆောင်ရွက်

ဒူဘိုင်းကုန်သည်ကြီးများအသင်း (Dubai Chambers)သည် အပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်း(ICC)နှင့် ကမ္ဘာ့ကုန်သည်ကြီးများအသင်းချုပ်(WCF)တို့နှင့်ပူးပေါင်း၍ ကမ္ဘာတစ်ဝှမ်းရှိ ကုန်သည်ကြီးများအသင်းများ၏ စွမ်းဆောင်ရည်ကို နိုင်ငံတကာမှအကောင်းဆုံးသော အလေ့အကျင့်များနှင့် တိုင်းတာရာတွင် ကူညီဆောင်ရွက်ပေးမည့် ကုန်သည်ကြီးများအသင်း စံညွှန်းတိုင်းတာရေးကိရိယာ (Chamber Benchmarking Tool) တစ်ရပ်ကို ထုတ်ဖော်ပြသခဲ့ပါသည်။

မဲလ်ဘုန်းမြို့တွင် စက်တင်ဘာ ၂ ရက်နေ့မှ ၄ ရက်နေ့အထိကျင်းပပြုလုပ်လျက်ရှိသည့် ၁၄ ကြိမ်မြောက် ကမ္ဘာ့ကုန်သည်ကြီးများအသင်းများ၏ညီလာခံတွင် နိုင်ငံပေါင်း ၁၀၀ ကျော်မှကုန်သည်ကြီးများအသင်းများမှဦးဆောင်သူ ၁,၂၀၀ ကျော်တို့က ထိုးထွင်းသိမြင်နားလည်မှုများကိုမျှဝေရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို ခိုင်မာလာစေရန်အတွက် အဆိုပါအစပျိုးဆောင်ရွက်မှုကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါကိရိယာသည် စီးပွားရေးသုတေသန၊ လုံ့ဆော်မှု၊ နိုင်ငံတကာကုန်သွယ်မှု၊ လုပ်သားအင်အားဖွံ့ဖြိုးတိုးတက်မှု၊ ကွန်ရက်ချိတ်ဆက်မှု၊ အကြံပေးဝန်ဆောင်မှုများနှင့် အငြင်းပွားမှုဖြေရှင်းရေး စသည်တို့အပါအဝင် အဓိကအခန်းကဏ္ဍ ခုနစ်ခုတို့တွင်ဆောင်ရွက်လျက်ရှိကြသည့် ကုန်သည်ကြီးများအသင်းများကို အကဲဖြတ်သွားမည်ဖြစ်ပါသည်။ ၎င်းတွင် မဟာဗျူဟာ၊ အုပ်ချုပ်မှု၊ ဆန်းသစ်တီထွင်မှုနှင့်အဖွဲ့ဝင်အချင်းချင်း ထိတွေ့ဆက်ဆံမှုစသည့်နယ်ပယ်များတွင်လည်း ဌာနတွင်းလုပ်ငန်းဆောင်ရွက်မှုအပေါ် ထူးချွန်စွာဆောင်ရွက်နိုင်မှုကိုလည်း အကဲဖြတ်သွားမည်ဖြစ်ပါသည်။

ဒူဘိုင်းကုန်သည်ကြီးများအသင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mohammad Ali Rashed Lootah က အဆိုပါအစီအစဉ်သည် အဖွဲ့အစည်းဆိုင်ရာဆန်းသစ်တီထွင်မှုကိုမြှင့်တင်ရန်နှင့် စီးပွားရေးတိုးတက်မှု၏ မောင်းနှင်အားများအဖြစ် ကုန်သည်ကြီးများအသင်းများ၏ အခန်းကဏ္ဍကို အားကောင်းလာစေရန်အတွက် ဆောင်ရွက်လျက်ရှိသည့် ဒူဘိုင်း၏ကတိကဝတ်ကို ထင်ဟပ်ကြောင်းပြောကြားခဲ့ပါသည်။ ICC ၏အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ John W.H. Denton AOက အဆိုပါအစပျိုးဆောင်ရွက်မှုသည် ကမ္ဘာတစ်ဝှမ်းရှိကုန်သည်ကြီးများအသင်းများ ရှင်သန်ကြီးထွားရန်လိုအပ်သော ထိုးထွင်းသိမြင်မှုများဖြင့် ကမ္ဘာတစ်ဝှမ်းရှိကုန်သည်ကြီးများအသင်းများကို အားကောင်းလာစေမည့် မှတ်တိုင်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နှိုင်းယှဉ်နိုင်မည့်အချက်အလက်များ၊ အံဝင်ခွင်ကျဖြစ်စေမည့်အကြံပြုချက်များနှင့် ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်လေ့လာမှုများကို ဝင်ရောက်နိုင်ခြင်းအားဖြင့် အဆိုပါကုန်သည်ကြီးများအသင်း စံညွှန်းတိုင်းတာရေးကိရိယာသည် ကမ္ဘာတစ်ဝှမ်းတွင် ပိုမိုအားကောင်း၍ ပြိုင်ဆိုင်နိုင်သောစီးပွားရေးအသိုင်းအဝိုင်းများတည်ဆောက်ရာတွင် ကုန်သည်ကြီးများအသင်းများကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ထားပါကြောင်း သတင်းဖော်ပြထားပါသည်။

**News Source: Dubai Media Office** **(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## STOCK EXCHANGE (10.9.2025)

YANGON STOCK EXCHANGE



## Stock trading data

As of 9th Sep. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,359 (Shares) | 13,480,050 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | -100 | -1.33% | 7,400 | 7,500 | 7,400 | 507 | 3,802,200 | 33,109,694 | 245,012 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 1,000 | 3,150,000 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 84 | 621,600 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 329 | 648,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 664 | 1,726,400 | 12,823,224 | 33,340 |
| EFR | 00006 | 1,900 | +50 | +2.70% | 1,850 | 1,900 | 1,800 | 1,641 | 3,090,850 | 19,977,223 | 37,957 |
| AMATA | 00007 | 3,300 | +50 | +1.54% | 3,250 | 3,300 | 3,250 | 32 | 104,400 | 10,497,598 | 34,642 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 102 | 336,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)




## Market summary

As of 9th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 364.99 | +0.09 | +0.02% | 362.36 | 365.40 | 362.36 | 4,359 | 13,480,050 | 8 | 688,430 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 9th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 5,271 (Shares) | 15,990,300 (MMK) |

### Main Board

As of 1:00 pm, 9th Sep. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,359 (Shares) | 13,480,050 (MMK) |

| MYANPIX | 364.99 ▲ 0.09 |
|---|---|
| Total Volume (shares) | 4,359 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 688,430 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▼ 100 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,900 | ▲ 50 |
| AMATA | 00007 | 3,300 | ▲ 50 |
| MAEX | 00008 | 3,300 | ▲ 0 |